# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ( ၂၂ ) ရက်

## ညွှန်ကြားချက်အမှတ် (၁၀/၂၀၂၀)

အကြောင်းအရာ။ **ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက် (Minimum Reserve Requirement) ယာယီ ပြင်ဆင်သတ်မှတ်သည့်ကာလ တိုးမြှင့်ခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၉.၄.၂၀၂၀) ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၆/၂၀၂၀)

၁။ ဘဏ်များက မြန်မာကျပ်ငွေဖြင့်ထားရှိရမည့် အနည်းဆုံးသီးသန့်ငွေလိုအပ်ချက်ကို ဘဏ်နှင့်ဆက်သွယ်သူများ (Customers) အပ်ငွေစုစုပေါင်း၏ (၃.၅) ရာခိုင်နှုန်းသို့ ယာယီ ပြင်ဆင်သတ်မှတ်ထားရှိခြင်းအား ရည်ညွှန်းချက်ပါ ညွှန်ကြားချက်အမှတ် (၆/၂၀၂၀) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ COVID-19 ရောဂါနှင့်ဆက်စပ်ဖြစ်ပေါ်လျက်ရှိသော လက်ရှိအခြေအနေအရ ဘဏ်များ၏ ငွေကြေးလွယ်ကူမှုကို ဆက်လက် အထောက်အကူဖြစ်စေရန်အတွက် ညွှန်ကြားချက်အမှတ် (၆/၂၀၂၀) ပါ ယာယီပြင်ဆင်သတ်မှတ်ခဲ့သည့်ကာလအား နောက်ထပ် (၆) လ (၁.၁၀.၂၀၂၀ မှ ၃၁.၃.၂၀၂၁ ရက်နေ့အထိ) တိုးမြှင့်သတ်မှတ်လိုက်သည်။

၃။ ပြင်ဆင်လျှော့ချသတ်မှတ်သည့် အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်အောက် လျော့နည်းထားရှိပါက ဘဏ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၉-၉-၂၀၁၆ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်အမှတ် (၁၂/၂၀၁၆) ပါ သတ်မှတ်ချက်အတိုင်း ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပါသည်။

(ပုံ) xxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

ဖြန့်ဝေခြင်း

ဘဏ်များအားလုံး

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ